## လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ
# ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေ

(၂၀၀၂ ခုနှစ် ဒုတိယအကြိမ် ပါတီညီလာခံမှ ပြင်ဆင်အတည်ပြုသည်)

## နိဒါန်း

မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့သည် နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲစဉ်တလျှောက်လုံးတွင် သွေးစည်းညီညွတ်စွာဖြင့် တော်လှန်တိုက်ပွဲ ဝင်ခဲ့ကြပေသည်။ ထိုကဲ့သို့ အမျိုးသားသွေးစည်းညီညွတ်မှုကို အခိုင်အမာတည်ဆောက်ကာ နည်းသဏ္ဌာန်ပေါင်းစုံဖြင့် တိုက်ပွဲဝင်ခဲ့မှု၏ အကျိုးရလဒ်အဖြစ် ၁၉၄၈–ခုနှစ်တွင် တိုင်းပြည်၏ လွတ်လပ်ရေးကို ရယူနိုင်ခဲ့ကြပေသည်။

သို့သော် လွတ်လပ်ရေးရပြီးနောက် အာဏာရအစိုးရအဆက်အဆက်သည် တိုင်းပြည်ရှိ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် မကြိုးပမ်းခဲ့သောကြောင့် ပြည်တွင်းစစ်မီး အစပျိုးခဲ့ရပေသည်။ အမိနိုင်ငံတွင် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် အမျိုးသားသွေးစည်းခိုင်မာရေးတို့ကိုလည်း တည်ဆောက်နိုင်ခြင်းမရှိခဲ့ပေ။ ထို့အပြင် တည်ရှိနေသော နိုင်ငံရေး ပြဿနာများကို အာဏာရအစိုးရတို့က လက်နက်ဖြင့်သာ အကြမ်းဖက်ဖြေရှင်းခဲ့ကြသဖြင့် အမျိုးသားသွေးစည်းညီညွတ်မှု ပြိုကွဲခဲ့ရပြီး ပြည်တွင်းစစ်မှာလည်း ယနေ့တိုင် သက်ဆိုးရှည်နေဆဲပင်ဖြစ်သည်။ အကျိုးဆက်အဖြစ်တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊လူမှုရေးဘက်ပေါင်းစုံတွင်ပျက်စီးယိုယွင်းကာတမျိုးသားလုံး ချွတ်ခြုံကျ၍ ဆင်းရဲ မွဲတေသောနိုင်ငံအဖြစ်သို့ ရောက်ရှိခဲ့ရသည်။ နိုင်ငံ၏ အမျိုးသား ဂုဏ်သိက္ခာလည်း ကျဆင်းခဲ့ရပေသည်။

၁၉၆၂–ခုနှစ်တွင် စစ်အုပ်စုက နိုင်ငံတော်အာဏာကိုသိမ်းပိုက်ကာ စစ်အာဏာရှင်စနစ်ကို ထူထောင်ခဲ့ပြီး ကျောင်းသားထု၊ အလုပ်သမားထု၊ လယ်သမားထု၊ အသိပညာရှင်/ အတတ်ပညာရှင် အစရှိသည့် လူထုလူတန်းစားအလွှာအသီးသီး၏ အကြမ်းမဖက်သော နိုင်ငံရေး ကြိုးပမ်းလှုပ်ရှားမှု မှန်သမျှကို လက်နက်ဖြင့် အကြမ်းဖက်ဖြိုခွင်းခဲ့ကြသည်။ တိုင်းရင်းသားလူမျိုးစုံပြည်သူတရပ်လုံးသည်လည်း အကြောက်တရားအောက်တွင် စစ်အာဏာရှင်တို့၏ နည်းလမ်းပေါင်းစုံဖြင့် ဖိနှိပ်အုပ်စိုးမှုကို ခံခဲ့ကြရပေသည်။ မွေးရာပါလူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်တို့လည်း ဆုံးရှုံးခဲ့ရပေသည်။

လူမှုဒုက္ခအဝဝကို နှစ်ရှည်လများ ခါးစည်းခံစားနေခဲ့ကြရသော ကျောင်းသူကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ ရဟန်းရှင်လူ ပြည်သူလူထုတရပ်လုံးက စစ်အာဏာရှင်စနစ်ကိုဆန့်ကျင်ပြီး ‘၁၃၅၀–ပြည့် ဒီမိုကရေစီအရေးတော်ပုံကြီး’ ကို ၁၉၈၈–ခုနှစ်တွင် ဆင်နွှဲခဲ့ကြပေသည်။ စစ်အာဏာရှင်တို့သည် တိုင်းရင်းသားလူမျိုးစုံ ပြည်သူတရပ်လုံး တက်ကြွစွာပါဝင်လှုပ်ရှားခဲ့သော ‘၁၃၅၀–ပြည့် ဒီမိုကရေစီအရေးတော်ပုံကြီး’ ကို လက်နက်ဖြင့် အကြမ်းဖက်ဖြိုခွဲနှိမ်နင်းခဲ့ကြပေသည်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေး၊ တန်းတူရေး တို့နှင့် ပြည့်ဝသော ပြည်ထောင်စုနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရေးမှာ စစ်အာဏာရှင်စနစ်နှင့် စစ်ဗျူရိုကရက်ယန္တရား တစုံလုံးအား အပြီးတိုင် ဖျက်သိမ်းနိုင်မှသာ ဖြစ်နိုင်ပေမည်။ မှောင်မိုက်ခါးသီးလှသော လူ့ဘောင်ဟောင်း၊ စနစ်ဟောင်းများကို အပြီးတိုင်ဖျက်သိမ်း၍ သာယာဝပြောသည့် အနာဂတ်လူ့ဘောင်သစ်ကြီးကို တည်ဆောက်ရန်ရည်ရွယ်ပြီး တော်လှန်သော နိုင်ငံရေးပါတီတရပ်အဖြစ် ‘လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ’ ကို ထူထောင်ရခြင်း ဖြစ်ပေသည်။

# အခန်း(၁)

## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

ပုဒ်မ (၁) ဤအဖွဲ့အစည်းအမည်ကို–

မြန်မာဘာသာဖြင့် ‘လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ’ ဟုခေါ်တွင်စေရမည်။
အတိုကောက်မြန်မာဘာသာဖြင့် ‘လဘသ’ ဟုခေါ်တွင်စေရမည်။
အင်္ဂလိပ်ဘာသာဖြင့် **(Democratic Party For a New Society)** ဟု ခေါ်တွင်စေရမည်။
အတိုကောက်အင်္ဂလိပ်ဘာသာဖြင့် **(DPNS)** ဟု ခေါ်တွင်စေရမည်။

ပုဒ်မ (၂) အလံ

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏အလံတော်သည် အလျား ၉ပေ၊ အနံ ၅ပေရှိပြီး အနီရောင်အောက်ခံပေါ်တွင် အဝါရောင် ငါးထောင့်ကြယ်လေးလုံးပါရှိသည်။ ဤကြယ်လေးလုံးသည် အရွယ်အစားတူ၍ အလံ၏ ဝဲမှယာသို့ တဖြောင့်တည်း ကပ်ယှဉ်ကာတည်ရှိနေသည်။



အဓိပ္ပါယ်ဖွင့်ဆိုချက်

အနီရောင်အောက်ခံသည် ရဲရင့်ခြင်း၊ ပြတ်သားခြင်း အဓိပ္ပါယ်ဆောင်သည်။ တထပ်တည်း ကျလျက်ရှိသော ကြယ် လေးလုံးသည် အလုပ်သမား၊ လယ်သမား၊ လူလတ်တန်းစား၊ အမျိုးသားနေရှင်တို့အား ကိုယ်စားပြုသည်။ ကြယ်တွင် ပါရှိသော အဝါရောင်သည် ချမ်းသာခြင်း၊ ကြွယ်ဝခြင်း၊ ထွန်းလင်းတောက်ပခြင်း၊ တရားမျှတခြင်း ဟူသော အဓိပ္ပါယ်ကိုဆောင်သည်။

အရွယ်အစားသတ်မှတ်ချက်များ

ပါတီဌာနချုပ်နှင့် အဖွဲ့အစည်းအဆင့်ဆင့်တွင်ထားရှိရန် (ရုံးသုံးအလံ)မှာ အလျား (၆)ပေ၊ အနံ (၃ ပေ ၄ လက်မ) ရှိသည်။
လူထုစည်းရုံးရေးနယ်မြေသုံးအလံမှာ အလျား(၃)ပေ၊ အနံ(၁ပေ ၈လက်မ)ရှိသည်။
၎င်းအလံ၏ အရွယ်အစား၊ အချိုးအစားပေါ်လိုက်၍ လေးလုံးထပ်ကြယ်များ အရွယ်အစား ကိုက်ညီစွာထည့်သွင်းထားသည်။

ပုဒ်မ (၃) အထိမ်းအမှတ်တံဆိပ်



ပုဒ်မ (၄) ဆောင်ပုဒ်

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ဆောင်ပုဒ်မှာ **‘ပြည်သူသာအဓိ ၊ ပြည်သူသာအဖ’** ဖြစ်သည်။

ပုဒ်မ (၅) သစ္စာအဓိဋ္ဌာန်

၁။ ကျွန်ုပ်တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပါမည်။
၂။ ကျွန်ုပ်တို့သည် ပြည်သူလူထုဖက်မှ အစဉ်ရပ်တည်၍ ကာကွယ်တိုက်ပွဲဝင်သွားပါမည်။
၃။ ကျွန်ုပ်တို့သည်ဒီမိုကရေစီတိုက်ပွဲအဆက်ဆက်တွင် ကျဆုံးသွားခဲ့သော အာဇာနည်သူရဲကောင်းအပေါင်း၏ ဂုဏ်ကျေးဇူးကိုရိုသေပါမည်။
၄။ ကျွန်ုပ်တို့သည် ပါတီမှပေးအပ်သောတာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ပါမည်။
၅။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းသော၊ လွတ်လပ်သော၊ သာယာဝပြောသော လူ့ဘောင်ကြီးထွန်းကားလာသည်အထိ ကိုယ်ကျိုးစွန့်တိုက်ပွဲဝင်သွားပါမည်။

## အခန်း(၂)

### ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်

ပုဒ်မ (၆) ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်

၁။ ဒီမိုကရေစီရေး

၂။ လူ့အခွင့်အရေး

၃။ တရားမျှတရေး

၄။ ငြိမ်းချမ်းရေး

၅။ တန်းတူရေး

## အခန်း(၃)

### ပါတီဝင်

ပုဒ်မ (၇) (က) ပါတီဝင်အဖြစ်လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ပါတီဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မူဝါဒ၊ လုပ်ငန်းစဉ်များအား လက်ခံယုံကြည်လျှင် ပါတီဝင်လျှောက်ထားခွင့်၊ ပါတီဝင်ဖြစ်ပိုင်ခွင့်ရှိသည်။
(ဂ) လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား/မ မရွေး မည်သူမဆို တဦးချင်းအလိုက်လျှောက်ထားခွင့်/ ဖြစ်ပိုင်ခွင့်ရှိသည်။

ပုဒ်မ (၈) ပါတီသို့ ဝင်ရောက်လိုပါက စည်းရုံးရေးအဖွဲ့ဝင်အဆင့်မှ စတင်ဆက်သွယ်၍ ဝင်ရောက်ရမည်။

ပုဒ်မ (၉) စည်းရုံးရေးအဖွဲ့ဝင်လျှောက်လွှာကို သက်ဆိုင်ရာဒေသပါတီကော်မတီနှင့် ဆက်သွယ်တင်သွင်းရမည်။ စည်းရုံးရေးအဖွဲ့ဝင်လျှောက်လွှာတွင် ပါတီဝင်(သို့မဟုတ်) သက်တမ်းတစ်နှစ်ကျော်ပြီးသော စည်းရုံးရေးအဖွဲ့ဝင်တဦး၏ ထောက်ခံချက်ပါရှိရမည်။

ပုဒ်မ(၁၀) စည်းရုံးရေးအဖွဲ့ဝင်လျှောက်လွှာကိုသက်ဆိုင်ရာဒေသပါတီကော်မတီမှသေချာစွာစစ်ဆေး၍စည်းရုံးရေးအဖွဲ့ဝင်အဖြစ် လက်ခံသင့်/မခံသင့်ကိုဆုံးဖြတ်နိုင်သည်။ စည်းရုံးရေးအဖွဲ့ဝင်အဖြစ်လက်ခံသည်ဟု ဆုံးဖြတ်ပါက ဗဟိုအလုပ် အမှုဆောင်ကော်မတီသို့အကြောင်းကြားတင်ပြရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီမှ အတည်ပြုပါက စည်းရုံးရေးအဖွဲ့ဝင်အဖြစ် အသိအမှတ်ပြုရမည်။

ပုဒ်မ (၁၁) စည်းရုံးရေးအဖွဲ့ဝင်တဦးသည် အနည်းဆုံး(၂)နှစ်တာဝန်ထမ်းဆောင်ရမည်။ ယင်းကဲ့သို့ (၂)နှစ် တာဝန်ထမ်းဆောင် နေစဉ်အတွင်းပါတီဝင်လျှောက်လွှာတင်သွင်းခွင့်ရှိသည်။ ပါတီဝင်ခွင့်ရသည့်အချိန်မှစ၍ စည်းရုံးရေးအဖွဲ့ဝင်သက်တမ်းအား ကုန်ဆုံးစေရမည်။

ပုဒ်မ (၁၂) ပါတီဝင်လျှောက်လွှာကို သက်ဆိုင်ရာဒေသပါတီကော်မတီသို့ တင်သွင်းရမည်။ ၎င်းလျှောက်လွှာတွင်ပါတီဝင်တဦး၏ ထောက်ခံချက်ပါရှိရမည်။ သက်ဆိုင်ရာဒေသပါတီကော်မတီမှ သေချာစွာ စီစစ်၍ လျှောက်လွှာအား လက်ခံသင့်/မခံသင့်ကို ဆုံးဖြတ်ရမည်။

ပုဒ်မ (၁၃) ပါတီဝင်လျှောက်လွှာကိုလက်ခံပါကယင်းသို့ ပါတီဝင်အဖြစ်လျှောက်ထားသူနှင့် ထိုသူ၏ ပါတီဝင်လျှောက်လွှာကို သက်ဆိုင်ရာပါတီအဖွဲ့အစည်းမှလေ့လာစီစစ်ရမည်။ စီစစ်ထားမှုနှင့်အတူ ပါတီဝင်လျှောက်လွှာအား ဗဟိုအလုပ်အမှုဆောင်ကော်မတီသို့တင်ပြရမည်။ ဗဟိုအလုပ် အမှုဆောင်ကော်မတီမှ ပါတီဝင်အဖြစ် အသိအမှတ်ပြုလက်ခံ/လက်မခံကို ဆုံးဖြတ်အတည်ပြုရမည်။

ပုဒ်မ (၁၄) ပါတီဝင်သက်တမ်းသည် ပါတီဝင်လျှောက်လွှာတင်သွင်းသည့်နေ့မှ စတင်သည်။

# အခန်း(၄)

## ပါတီဝင်များလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများနှင့် အခွင့်အရေးများ

ပုဒ်မ (၁၅) ပါတီဝင်များလိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ

(က) ပြည်ထောင်စု၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေရမည်။
(ခ) ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်၍ ပြည်သူလူထု၏အကျိုးစီးပွားကို ဦးထိပ်ထားရမည်။
(ဂ) ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မူဝါဒသဘောထား၊ နိုင်ငံရေးလမ်းစဉ်၊ လုပ်ငန်းစဉ်များကို တိကျစွာလေးစားလိုက်နာ ၍ ပါတီ၏ စည်းလုံးညီညွတ်မှုကို အစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည်။
(ဃ) ပါတီမှပေးအပ်သော တာဝန်ဝတ္တရားများ၊ ဆုံးဖြတ်ချက်များကို ကျေပွန်စွာလိုက်နာထမ်းဆောင်ရမည်။
(င) ရိုးသားပွင့်လင်းရမည်၊ ပါတီအပေါ်သစ္စာရှိရမည်၊ အဖြစ်မှန်များကို ပါတီအပေါ်ဖုံးကွယ်ခြင်း၊ လိမ်ညာခြင်း မပြုရ။
(စ) အကျင့်စာရိတ္တပျက်ပြားမှုများ၊ ကိုယ်ကျိုးရှာမှုများနှင့် တကိုယ်ကောင်းဆန်မှုများကို လုံးဝရှောင်ကျဉ်ရမည်။
(ဆ)ပါတီမှချမှတ်ထားသောလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော်ရာတွင်ရိုးသားတက်ကြွစွာလုပ်ဆောင်ရမည်၊ အပင်ပန်းအဆင်းရဲခံကာ ကြိုးပမ်းဆောင်ရွက်ရမည်။
(ဇ) ပါတီအား အရည်အတွက်အရ၊ အရည်အချင်းအရ မြင့်တက်လာစေရန်လုံးပမ်းဆောင်ရွက်ရမည်။ မိမိကိုယ်မိမိလည်း အရည်အချင်း မြင့်တက်လာစေရန်ဆောင်ရွက်ရမည်။ စံပြဖြစ်အောင်ကြိုးပမ်းရမည်။ အထွေထွေဗဟုသုတနှင့်နိုင်ငံရေးတို့တွင် တက်ကြွစွာ လေ့လာလိုက်စားရမည်။

ပုဒ်မ (၁၆) ပါတီဝင်များ၏ အခွင့်အရေးများ

(က) ပါတီဝင်တိုင်းသည် ပါတီအတွင်းတွင် ရွေးကောက်ခွင့်နှင့် အရွေးခံပိုင်ခွင့်ရှိသည်။
(ခ) ပါတီတွင်းဆွေးနွေးပွဲများ၊ သက်ဆိုင်ရာအစည်းအဝေးများတွင် စည်းရုံးရေးဘောင်အတွင်းမှ ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ မူဝါဒများ၊ နိုင်ငံရေးပြဿနာများ၊ လက်တွေ့ဆောင်ရွက်မှုနှင့် ပတ်သက်သော ပြဿနာများတွင် လွတ်လပ်စွာပါဝင်ဆွေးနွေးနိုင်ခွင့်ရှိသည်။
(ဂ) ပါတီ၏ ဦးဆောင်မှုအဆင့်ဆင့် (သို့မဟုတ်) မည်သည့်တာဝန်ခံကိုမဆို အပြုသဘောဆောင်၍ ဝေဖန်ဆွေးနွေးနိုင်ခွင့်ရှိသည်။
(ဃ) ပါတီမှ မိမိအား အရေးယူရန် ဆောင်ရွက်သည့် အခါတွင် ပြန်လည်ဖြေရှင်းပိုင်ခွင့်ရှိသည်။ အရေးယူရန်ဆုံးဖြတ်ချက်ချသည့်အခါ ကိုယ်တိုင်တက်ရောက်ခွင့်ရှိသည်။ ညီလာခံအထိ အယူခံပိုင်ခွင့်ရှိသည်။
(င) ပါတီ၏ဆုံးဖြတ်ချက်နှင့်ကွဲလွဲနေသောမိမိ၏ထင်မြင်ယူဆချက်အားသိမ်းဆည်းထားနိုင်ခွင့်ရှိသည်။ ၎င်းထင်မြင်ယူဆချက်ကို ဗဟိုကော်မတီနှင့် ညီလာခံအထိ တင်ပြနိုင်ခွင့်ရှိသည်။ သို့သော် ပါတီ၏ဆုံးဖြတ်ချက်အား တက်ကြွစွာလိုက်နာအကောင်အထည်ဖော်ရမည်။

ပုဒ်မ (၁၇) ပါတီစည်းရုံးရေးအဖွဲ့ဝင်တဦးသည် ရွေးကောက်တင်မြှောက်ပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်၊ ဆုံးဖြတ်ချက်များ ချရာတွင် ပါဝင်နိုင်ခွင့်မှလွဲ၍ ပါတီဝင်တဦး၏ အခြားရပိုင်ခွင့်များအတိုင်းရပိုင်ခွင့်ရှိသည်။ စည်းရုံးရေးအဖွဲ့ဝင်တဦးသည် ပါတီဝင်တဦးကဲ့သို့ ပါတီ၏ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ သက်ရောက်မှုရှိစေရမည်။

# အခန်း(၅)

## ပါတီ၏ ဦးဆောင်မှုအဆင့်ဆင့်နှင့် ဒီမိုကရေစီကျင့်သုံးမှုစနစ်

ပုဒ်မ (၁၈) ဦးဆောင်မှုအဆင့်ဆင့်

(၁) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံ
(၂) ဗဟိုကော်မတီ
(၃) ဗဟိုအလုပ်အမှုဆောင်ကော်မတီ
(၄) ဒေသပါတီကော်မတီ

ပုဒ်မ (၁၉) ရွေးချယ်တင်မြှောက်ခြင်း

(က) အဆင့်ဆင့်ဦးဆောင်မှုကို ဒီမိုကရေစီကျင့်စဉ်အရ အများစု၏ဆန္ဒနှင့်အညီ ရွေးချယ်တင် မြှောက်ရမည်။
(ခ) လျှို့ဝှက်မဲပေးစနစ်ကိုသာ ကျင့်သုံးရမည်။

ပုဒ်မ (၂၀) ဒီမိုကရေစီကျင့်သုံးမှုစနစ်

(က) ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုစနစ်ကိုကျင့်သုံးသည်။ ၎င်းစနစ်အရ ပါတီကို ဖွဲ့စည်းတည်ဆောက်သည်။ ဒီမိုကရေစီအခြေခံပေါ်တွင် တည်ဆောက်ထားသော ဗဟိုချုပ်ကိုင်မှုဖြစ်ပြီး ဗဟိုချုပ်ကိုင်မှုအောက်တွင် ကျင့်သုံးသောဒီမိုကရေစီဖြစ်သည်။
(ခ) ဒီမိုကရေစီဗဟိုချုပ်ကိုင်မှုအရ
အနည်းစုက အများစုကို နာခံရမည်။
ပါတီဝင်တဦးချင်းသည် ပါတီတရပ်လုံးကို နာခံရမည်။
အောက်ခြေအဆင့်ပါတီအဖွဲ့အစည်းသည် အထက်အဆင့်ပါတီအဖွဲ့အစည်းကို နာခံရမည်။
ပါတီတရပ်လုံးသည် ဗဟိုကော်မတီကို နာခံရမည်။
အများစုသည် အနည်းစု၏ဆန္ဒကို လေးစားရမည်။
အထက်အဖွဲ့အစည်းသည် အောက်ခြေ၏တင်ပြမှုအား လေးစားရမည်။

(ဂ) ပါတီ၏ အဆင့်ဆင့်ခေါင်းဆောင်များ၊ ပါတီဝင်များသည် ပါတီ၏စည်းမျဉ်းစည်းကမ်းများကို တပြေးညီ တိကျစွာ လိုက်နာရမည်။

ပုဒ် (၂၁) အစီရင်ခံခြင်း

(က) မိမိတို့တာဝန်ယူလုပ်ဆောင်သောလုပ်ငန်းများ၊ အခြေအနေများနှင့်ပတ်သက်၍ အောက်အဆင့် ပါတီအဖွဲ့အစည်းများသည် အထက်အဆင့်ပါတီအဖွဲ့အစည်းများသို့ စနစ်တကျ ပုံမှန် အစီရင်ခံရမည်။
(ခ) အထက်အဆင့်မှ လိုအပ်သလို ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ ပေးရမည်။ အထက်အောက်အပြန်အလှန် အစီရင်ခံမှုရှိရမည်။ အထက်အဆင့်အဖွဲ့အစည်းသည် လုပ်ငန်းနှင့် အခြေအနေများကို အောက်အဆင့်သို့ အစီရင်ခံပေးပို့ရမည်။ အထက်အဆင့်အဖွဲ့အစည်းသည် အောက်အဆင့်အဖွဲ့အစည်းအားဆုံးဖြတ်ချက်များ၊ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်စေရန် ကြပ်မတ်ပေးရမည်။
(ဂ) အထက်အဖွဲ့အစည်းနှင့် ခေါင်းဆောင်များသည် အောက်အဆင့်အဖွဲ့အစည်းနှင့် အဖွဲ့ဝင်ထု၏ အခြေအနေများကို မပြတ်လေ့လာသုံးသပ်ရမည်။ ၎င်းတို့အခက်အခဲပြဿနာများအား အချိန်မီ ဖြေရှင်းဆောင်ရွက်ပေးရမည်။ အပြန်အလှန်လေးစားမှုရှိရမည်။

ပုဒ်မ (၂၂) (က) ပါတီ၏ဦးဆောင်မှုအဆင့်ဆင့်အဖွဲ့အစည်းများသည် ကော်မတီစနစ်ကို အာမခံရမည်။ စုပေါင်းခေါင်းဆောင်မှု၊ တဦးချင်းတာဝန်ယူမှု မှုကို ကျင့်သုံးရမည်။
(ခ) စည်းကမ်းလည်းရှိ၊ လွတ်လပ်မှုလည်းရှိ၊ ဗဟိုချုပ်ကိုင်မှုလည်းရှိ၊ ဒီမိုကရေစီလည်းရှိသော အဖွဲ့အစည်းတည်ဆောက်မှု မျိုးဖြစ်ရမည်။

# အခန်း(၆)

## နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ

ပုဒ်မ (၂၃) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ

(က) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံသည် ပါတီ၏ အမြင့်ဆုံးအာဏာပိုင်ဖြစ်သည်။
(ခ) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံအားသုံးနှစ်လျှင်တကြိမ်ခေါ်ယူကျင်းပသွားရမည်။ အကယ်၍မကျင်းပနိုင်ပါက ဗဟိုကော်မတီ၏ အများစုဆုံးဖြတ်ချက်ဖြင့် တကြိမ်လျှင်(၃)လ၊ စုစုပေါင်း (၂)ကြိမ် ရွှေ့ဆိုင်းနိုင်သည်။
(ဂ) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံကိုဗဟိုကော်မတီကခေါ်ယူရမည်။ ဗဟိုကော်မတီဝင် သုံးပုံနှစ်ပုံ သဘောတူညီချက်ဖြင့် လည်းကောင်း၊ အောက်ခြေပါတီဝင်အများစု၏ သဘောတူတောင်းဆိုချက်အရ ပါတီဗဟိုကော်မတီမှ စိစစ်ဆုံးဖြတ်၍ သော်လည်းကောင်း၊ အရေးပေါ်ပါတီညီလာခံကို ခေါ်ယူကျင်းပနိုင်သည်။
(ဃ) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံတက်ရောက်ရန် ကိုယ်စားလှယ်ဦးရေကို ဗဟိုကော်မတီက သတ်မှတ်ရမည်။
(င) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ၏ ၇၅% တက်ရောက်မှသာညီလာခံ အထမြောက်သည်။
(စ) နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံကျင်းပရေးအတွက်ညီလာခံကျင်းပရေးကော်မရှင်ကိုသင့်တော်သည့်ဦးရေဖြင့် ဗဟိုကော်မတီက ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။
(ဆ) ညီလာခံကျင်းပရေးကော်မရှင်သည် ဤအခြေခံစည်းမျဉ်းအရ ရေးဆွဲထားသော ညီလာခံ ကျင်းပရေးလုပ်ထုံးလုပ်နည်း စည်းမျဉ်းများနှင့်အညီ ညီလာခံကိုယ်စားလှယ်ရွေးချယ်ခြင်း၊ ညီလာခံကျင်းပခြင်း၊ ရွေးကောက်တင်မြှောက်ခြင်းစသော ညီလာခံလုပ်ငန်းများကို အောင်မြင်ပြီးမြောက်သည်အထိ တာဝန်ယူဆောင်ရွက်ရမည်။

ပုဒ်မ (၂၄) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ၏ လုပ်ပိုင်ခွင့်အာဏာများ

ဤဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် အခြားပြဋ္ဌာန်းထားချက်မရှိလျှင် နိုင်ငံလုံးဆိုင်ရာပါတီညီလာခံ၏လုပ်ပိုင်ခွင့်အာဏာကို ကန့်သတ်တားမြစ်ခြင်း မရှိစေရ။

ပုဒ်မ (၂၅) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံကိုယ်စားလှယ်

(က) ညီလာခံကိုယ်စားလှယ်များကို ပါတီဝင်များ၏ဆန္ဒနှင့်အညီ ရွေးချယ်ရမည်။
(ခ) ညီလာခံကိုယ်စားလှယ်၏သက်တမ်းမှာ ညီလာခံပြီးဆုံးချိန်အထိဖြစ်သည်။
(ဂ) ညီလာခံကိုယ်စားလှယ်များသာ ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံပိုင်ခွင့်ရှိသည်။ ဆုံးဖြတ်ချက်များတွင် မဲပေးပိုင်ခွင့်ရှိသည်။
(ဃ) ညီလာခံကိုယ်စားလှယ်တဦးသည် အကြောင်းတစုံတရာကြောင့် ညီလာခံသို့တက်ရောက်နိုင်ခြင်းမရှိပါကညီလာခံ ကျင်းပရေးကော်မရှင်ထံသို့အချိန်မီသတင်းပို့ရမည်။ ၎င်းကိုယ်စားလှယ်သည်ဆန္ဒရှိပါကပါတီဗဟိုကော်မတီဝင်အဖြစ် အဝေးရောက်အရွေးချယ်ခံလိုကြောင်းညီလာခံသို့ဆန္ဒပြုနိုင်သည်။ ညီလာခံမှရွေးချယ်ထားသော အလုည့်ကျသဘာပတိအဖွဲ့ဝင်အများစု၏ဆန္ဒဖြင့် အတည်ပြုချက်ရယူရမည်။ သို့သော် ယင်းညီလာခံကိုယ်စားလှယ်သည် ဆုံးဖြတ်ချက်များ၊ ရွေးကောက်တင်မြှောက်မှုများတွင် အဝေးရောက်မဲပေးပိုင်ခွင့်မရှိစေရ။
(င) ညီလာခံကိုယ်စားလှယ်အဖြစ်ရွေးချယ်ခြင်းမခံရသောလက်ရှိသက်တမ်းမှဗဟိုကော်မတီဝင်များသည်ညီလာခံသို့ တက်ရောက်ခွင့်၊ ပြောဆိုဆွေးနွေးခွင့်ရှိစေရမည်။
(စ) ပါတီ၏ စည်းမျဉ်းဥပဒေများ၊စည်းကမ်းချက်များချိုးဖောက်ခြင်း၊ ပြစ်မှုတစုံတရာကျူးလွန်ခြင်းများရှိပါက ညီလာခံ ကိုယ်စားလှယ်အဖြစ်မှ ရုပ်သိမ်းရမည်။

# အခန်း(၇)

## ဗဟိုကော်မတီ

ပုဒ်မ (၂၆) ဗဟိုကော်မတီသည်ညီလာခံတခုနှင့်တခုအကြားတွင်အမြင့်ဆုံးသောအာဏာပိုင်အဖွဲ့ဖြစ်သည်။ ဗဟိုကော်မတီ၏ သက်တမ်းမှာ ညီလာခံ၏သက်တမ်းအတိုင်း ဖြစ်သည်။

ပုဒ်မ (၂၇) ဗဟိုကော်မတီအား ညီလာခံမှ ရွေးချယ်တင်မြှောက်လိုက်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။ ဗဟိုကော်မတီဝင်နှင့် အရံဗဟိုကော်မတီဝင်အရေအတွက်ကို ညီလာခံမှသတ်မှတ်ရမည်။

ပုဒ်မ (၂၈) ပါတီဗဟိုကော်မတီ မျက်နှာစုံညီအစည်းအဝေးတွင် အများစု၏ သဘောတူညီချက်ဖြင့် ပါတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူးတို့ကို ဗဟိုကော်မတီဝင်များထဲမှ ရွေးချယ်ရမည်။

ပုဒ်မ (၂၉) ဗဟိုကော်မတီအများစု၏ သဘောတူဆုံးဖြတ်ချက်အရ ပါတီဗဟိုအလုပ်မှုဆောင်ကော်မတီကို ဗဟိုကော်မတီဝင်များထဲမှ ရွေးချယ်၍ ဖွဲ့စည်းရမည်။

ပုဒ်မ (၃၀) (က) ပါတီဗဟိုကော်မတီအစည်းအဝေးကို (၆)လလျှင်တကြိမ် ခေါ်ယူကျင်းပရမည်။
(ခ) ဥက္ကဋ္ဌ (သို့မဟုတ်) ဒုတိယဥက္ကဋ္ဌ၏ ခွင့်ပြုချက်မရဘဲ ဗဟိုကော်မတီအစည်းအဝေးအား မပျက်ကွက်စေရ။
(ဂ) ဗဟိုကော်မတီဝင်ဦးရေထက်ဝက်ကျော်တက်ရောက်မှသာ ဗဟိုကော်မတီအစည်းအဝေး အထ မြောက်သည်။

ပုဒ်မ (၃၁) ဗဟိုကော်မတီသည် ပါတီညီလာခံမှချမှတ်သောလမ်းစဉ်၊ လုပ်ငန်းစဉ်နှင့်ဆုံးဖြတ်ချက်များကို တာဝန်ခံ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ဗဟိုကော်မတီသည် ပါတီကို ကိုယ်စားပြုသည်။

ပုဒ်မ (၃၂) (က) ဗဟိုကော်မတီဝင်တဦးသည် အခန်း(၄)၊ ပုဒ်မ(၁၅)အား ချိုးဖောက်ခြင်း၊ ပုဒ်မ(၁၆)အား ဟန့်တားနှောက်ယှက်ဖျက်ဆီးခြင်း၊ပေးအပ်သောတာဝန်များကို ကျေပွန်စွာမထမ်းဆောင်ခြင်း၊ အကြောင်းပြချက်မခိုင်လုံဘဲ ဗဟိုကော်မတီအစည်းအဝေးတက်ရောက်ရန်သုံးကြိမ်ဆက်တိုက်ပျက်ကွက်ခြင်းစသည်တို့အားဖောက်ဖျက်ကျူးလွန်ပါက ၎င်းဗဟိုကော်မတီဝင်အားတာဝန်မှ ရပ်ဆိုင်းနိုင်သည်။
(ခ) ဗဟိုကော်မတီဝင် ၇၅%ကျော်တက်ရောက်သော ဗဟိုကော်မတီအစည်းအဝေးမှ ဗဟိုကော်မတီဝင်တဦးအား တာဝန်မှရပ်ဆိုင်းရန်လိုအပ်သည်ဟု ဆုံးဖြတ်ပါက တာဝန်မှရပ်ဆိုင်းနိုင်သည်။

ပုဒ်မ (၃၃) ဗဟိုကော်မတီဝင်နေရာလစ်လပ်ပါက ဗဟိုကော်မတီအစည်းအဝေး၏ဆုံးဖြတ်ချက်ဖြင့် အရံဗဟိုကော်မတီဝင်များထဲမှအစဉ်လိုက်အတိုင်း အစားထိုးရမည်။

ပုဒ်မ (၃၄) အရံဗဟိုကော်မတီဝင်များသည် ဗဟိုကော်မတီအစည်းအဝေးများတွင် လေ့လာသူအဖြစ်တက်ရောက်နိုင်သည်။ ဆွေးနွေးနိုင်သည်။ သို့သော် ဆုံးဖြတ်ချက်များတွင် မဲပေးပိုင်ခွင့်မရှိပေ။

ပုဒ်မ (၃၅) ဗဟိုကော်မတီသည် ပါတီ၏ စည်းရုံးရေးမှူးများကို လိုအပ်သလို ခန့်အပ်တာဝန်ပေးရမည်။ ယင်းကဲ့သို့ ခန့်အပ်တာဝန်ပေးရာတွင် အနီးဆုံးကျင်းပပြီးစီးခဲ့သော ညီလာခံတက်ရောက်သူ ကိုယ်စားလှယ်များထဲမှသာရွေးချယ်ရမည်။

ပုဒ်မ (၃၆) ပါတီ၏ မူဝါဒသဘောထားများ၊ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ လုပ်ထုံးလုပ်နည်း ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအား ရေးဆွဲရန်၊ ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ပါက ဗဟိုကော်မတီမျက်နှာစုံညီ အစည်းအဝေးက ရေးဆွဲပြင်ဆင်ဖြည့်စွက်နိုင်သည်။ ယင်းရေးဆွဲချက်၊ ပြင်ဆင်ဖြည့်စွက်ချက်များကို အနီးကပ်ဆုံးညီလာခံသို့ တင်သွင်းအတည်ပြုချက်ရယူရမည်။

ပုဒ်မ (၃၇) ဗဟိုကော်မတီသည် မိမိ၏သက်တမ်းကုန်ဆုံးခါနီးတွင် လုပ်ငန်း၊ ငွေကြေး၊ စာရင်းဇယား၊ ရုပ်ဝတ္ထုပစ္စည်းများအား နောက်တက်လာမည့် ဗဟိုကော်မတီအသစ်အား လွှဲပြောင်းပေးအပ်နိုင်ရန် ညီလာခံမတိုင်မီအတွင်း အပြီးသတ်ပြင်ဆင်၍ ညီလာခံမှ ရွေးကောက်လိုက်သော ဗဟိုကော်မတီသို့ လွှဲပြောင်းပေးအပ်ရမည်။

## အခန်း(၈)

### ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ပုဒ်မ (၃၈) နိုင်ငံလုံးဆိုင်ရာပါတီညီလာခံမှရွေးကောက်တင်မြှောက်လိုက်သောဗဟိုကော်မတီဝင်များထဲမှဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များအား ဗဟိုကော်မတီမျက်နှာစုံညီအစည်းအဝေးတွင် ရွေးချယ်တာဝန်ပေးရမည်။

ပုဒ်မ (၃၉) ဗဟိုအလုပ်အမှုဆောင်ကော်မတီအား ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက် အထွေထွေအတွင်းရေးမှူးတို့အပါအဝင် လိုအပ်သည့်ဦးရေဖြင့် ဖွဲ့စည်းရမည်။ သို့ သော် ဗဟိုအလုပ် အမှုဆောင်ကော်မတီဝင်ဦးရေသည် ဗဟိုကော်မတီဝင်ဦးရေ၏ ထက်ဝက် ထက်မကျော်စေရ။

ပုဒ်မ (၄၀) ဗဟိုကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူး တို့သည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အထွေထွေအတွင်းရေးမှူး၊ တွဲဘက်အထွေထွေအတွင်းရေးမှူးများဖြစ်ကြသည်။

ပုဒ်မ (၄၁) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီအစည်းအဝေးမှ အပ်နှင်းသော အခွင့်အာဏာများနှင့် ပါတီ၏လုပ်ငန်းဆောင်တာကိစ္စများကို ဦးစီးအကောင်အထည်ဖော်ရမည်။

ပုဒ်မ (၄၂) ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးကို (၃)လ တကြိမ်ပုံမှန်ကျင်းပရမည်။ လိုအပ်ပါကဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် သုံးပုံတပုံ၏ဆန္ဒအရ အရေးပေါ်အစည်းအဝေးကို ခေါ်ယူနိုင်သည်။

ပုဒ်မ (၄၃) ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီအစည်းအဝေးများတွင် လုပ်ငန်းအလိုက် ပြန်လည်အစီရင်ခံရမည်။

ပုဒ်မ (၄၄) ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ဌာနအသီးသီးအလိုက် လုပ်ငန်းကော်မတီများကို လိုအပ်သလိုဖွဲ့စည်းနိုင်သည်။

ပုဒ်မ (၄၅) ဥက္ကဋ္ဌ

(က) ဥက္ကဋ္ဌသည် ပါတီ၏ အမြင့်ဆုံးနှင့်တာဝန်အရှိဆုံး ခေါင်းဆောင်ဖြစ်သည်။
(ခ) ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းများအား တာဝန်ယူ ဦးစီးကွပ်ကဲရမည်။
(ဂ) ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၊ နိုင်ငံရေးလမ်းစဉ်နှင့် လုပ်ငန်းစဉ်များအား ထိန်းသိမ်းပေးရမည်။
(ဃ) ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတို့တွင် သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။

ပုဒ်မ (၄၆) ဒုတိယဥက္ကဋ္ဌ

(က) ဒုတိယဥက္ကဋ္ဌသည် ပါတီ၏ ဒုတိယအဆင့်အမြင့်ဆုံးနှင့် ဒုတိယတာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်သည်။
(ခ) ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌနှင့် ပူးတွဲ၍ ဥက္ကဋ္ဌတာဝန်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရမည်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ နိုင်ငံရေးလုပ်ငန်းဆောင်တာများနှင့် ပတ်သက်၍ အဆင့်သင့်ဖြစ်စေပြီး ဥက္ကဋ္ဌအားအချိန်မှီတင်သွင်းရမည်။ ဥက္ကဋ္ဌနှင့် ညှိနှိုင်းရမည်။
(ဂ) အကြောင်းအမျိုးမျိုးကြောင့် ဥက္ကဋ္ဌသည် လုပ်ငန်းတာဝန်များကို မထမ်းဆောင်နိုင်သည့် ကာလများတွင် ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ရမည်။ ဥက္ကဋ္ဌကတာဝန်များကို ထမ်းဆောင်နိုင်သည့်အချိန်တွင် ပြန်လည်လွှဲပြောင်းပေးရမည်။

ပုဒ်မ (၄၇) အထွေထွေအတွင်းရေးမှူး

(က) အထွေထွေအတွင်းရေးမှူးသည် ပါတီတရပ်လုံး၏ လုပ်ငန်းများ ပုံမှန်လည်ပတ်နိုင်ရေးအတွက် အနီးကပ် ကြီးကြပ်စီစဉ်ဆောင်ရွက်ရမည်။
(ခ) အထွေထွေအတွင်းရေးမှူးသည် ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့၏ ဆုံးဖြတ်ချက်၊ လုပ်ငန်းလမ်းညွှန်ချက်များကို လက်မှတ်ရေးထိုးထုတ်ပြန်ရမည်။
(ဂ) တာဝန်မှရပ်ဆိုင်းခြင်း၊ အရေးယူခြင်းများ ပြုလုပ်ရန် လိုအပ်ပါက အထွေထွေအတွင်းရေးမှူးသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် အရေးယူဆောင်ရွက်ရမည်။ ၎င်းဆုံးဖြတ်ချက်ကို ဗဟိုကော်မတီသို့ တင်ပြရမည်။
(ဃ) ဥက္ကဋ္ဌ၏ညွှန်ကြားချက်ဖြင့် အထွေထွေအတွင်းရေးမှူးသည် ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးကို ခေါ်ယူရမည်။
(င) ဗဟိုကော်မတီအစည်းအဝေးနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတို့တွင် အထွေထွေအတွင်းရေးမှူးသည် အကျိုးဆောင်အဖြစ် ဆောင်ရွက်ရမည်။
(စ) အထွေထွေအတွင်းရေးမှူးသည် ပါတီဌာနအသီးသီး၏ လုပ်ငန်းများပုံမှန်လုပ်ဆောင်နိုင်ခြင်း ရှိ/မရှိ စီစစ်ကာ ကြပ်မတ်ပေးရမည်။
(ဆ) အထွေထွေအတွင်းရေးမှူးသည် ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏နိုင်ငံရေးအစီရင်ခံစာနှင့်လုပ်ငန်းအစီရင်ခံစာများကို ဗဟိုကော်မတီအစည်းအဝေးသို့ တင်သွင်းရမည်။

ပုဒ်မ (၄၈) တွဲဘက်အထွေထွေအတွင်းရေးမှူး

(က) တွဲဘက်အထွေထွေအတွင်းရေးမှူးသည် အထွေထွေအတွင်းရေးမှူးနှင့်တွဲဘက်၍ အတွင်းရေးမှူးတာဝန်များကို ထမ်းဆောင်ရမည်။ အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များကို ကူညီဆောင်ရွက်ရမည်။
(ခ) အထွေထွေအတွင်းရေးမှူးသည် အကြောင်းအမျိုးမျိုးကြောင့် တာဝန်မထမ်းဆောင်နိုင်သည့် ကာလများတွင် တွဲဘက်အထွေထွေ အတွင်းရေးမှူးသည် အထွေထွေအတွင်းရေးမှူး၏ တာဝန်များကို ထမ်းဆောင်ရမည်။ အထွေထွေအတွင်းရေးမှူးသည် တာဝန်များကို ပြန်လည် ထမ်းဆောင်နိုင်ပါက တာဝန်များအား ပြန်လည်လွှဲပြောင်းပေးရမည်။

ပုဒ်မ (၄၉) ဗဟိုအလုပ်မှုဆောင်ကော်မတီဝင်

(က) ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များသည် ပါတီ၏လုပ်ငန်းစဉ်များဖော်ဆောင်နိုင်ရေး၊ ပါတီယန္တယား လည်ပတ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် အဓိက ကြပ်မတ်ဦးဆောင်ရမည်။
(ခ) ဌာနဆိုင်ရာအလိုက် ပါတီ၏လုပ်ငန်းများဖော်ဆောင်ရာတွင် ပါတီ၏မူဝါဒ၊ လမ်းစဉ်၊ လုပ်ငန်းစဉ်များ၊ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းများနှင့် ကင်းလွတ်မှုမရှိစေရန် ကြပ်မတ်ကွပ်ကဲရမည်။
(ဂ) သက်ဆိုင်ရာဌာနအလိုက် ငွေကြေးသုံးစွဲမှုများ မှန်ကန်မှုရှိစေရန်ကြပ်မတ်ရမည်။ လိုအပ်ပါက ငွေစာရင်းများကို စစ်ဆေးရမည်။
(ဃ) ဌာနဆိုင်ရာလုပ်ငန်းများအား ဗဟိုကော်မတီဝင်များနှင့် တွဲဘက်လုပ်ဆောင်ရမည်။ ဌာနဆိုင်ရာ လုပ်ငန်းများအတွက် သင့်လျော်သော ပါတီဝင်များအား ဗဟိုအလုပ်အမှုဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တာဝန်ပေးအပ်နိုင်သည်။
(င) ဌာနဆိုင်ရာလုပ်ငန်းအစီရင်ခံစာများကို အထွေထွေအတွင်းရေးမှူးထံသို့ ပုံမှန်အားဖြင့်(၃)လလျှင်တကြိမ်ပေးပို့တင်သွင်းရမည်။ အရေးပေါ်လိုအပ်ချက်များရှိပါက လိုအပ်သလို ပေးပို့ တင်သွင်းရမည်။

## အခန်း(၉)

### အရေးယူခြင်း

ပုဒ်မ (၅၀) ပါတီဝင်တိုင်းသည် အခန်း(၄)၊ ပုဒ်မ(၁၅)၊ ပုဒ်မ(၁၆)တို့တွင် ပါဝင်သည့် တားမြစ်ချက်များအား ကျူးလွန်ချိုးဖောက်ပါက (သို့မဟုတ်) သတ်မှတ်ထားချက်များအား လိုက်နာရန် ပျက်ကွက်ပါက –

၁။ ဆွေးနွေးခြင်း
၂။ သတိပေးခြင်း
၃။ ပြင်းထန်စွာသတိပေးခြင်း
၄။ ပါတီတာဝန်အဆင့်မှ ချထားခြင်း
၅။ ပါတီတာဝန်များမှ ရပ်ဆိုင်းထားခြင်း
၆။ အပြစ်ဒဏ်ကျခံစေခြင်း၊ ပါတီဝင်ရပိုင်ခွင့်များ ရုပ်သိမ်းခြင်း
၇။ ပါတီဝင်အဖြစ်မှ ထုတ်ပယ်ခြင်း စသည့်နည်းလမ်းများ (သို့မဟုတ်) နည်းလမ်းတခုခုဖြင့် အရေးယူဆောင်ရွက်မည်။

ပုဒ်မ (၅၁) ပါတီဝင်တဦးအားပါတီတာဝန်များမှရပ်ဆိုင်းခြင်းဖြင့် အရေးယူထားစဉ်တွင်၎င်းအားကြပ်မတ်ပညာပေးရမည်။ ထိုသို့ ကြပ်မတ်ပညာပေး၍ အခြေအနေတိုးတက်လာပါက ပါတီတာဝန်များ ပြန်လည်ပေးအပ်နိုင်သည်။ ၎င်းကြပ်မတ် ပညာပေးစဉ် ကာလတွင် နောက်ထပ်အမှား များကျူးလွန်ခြင်း၊ စည်းကမ်းချိုးဖောက်ခြင်းများ ရှိပါက အပြစ်ဒဏ်ကျခံခြင်းနှင့် ပါတီဝင်ရပိုင်ခွင့်များမှ ရုပ်သိမ်းခြင်း (သို့မဟုတ်) လိုအပ်ပါက ထုတ်ပယ်ခြင်းများ ပြုလုပ်နိုင်သည်။

ပုဒ်မ (၅၂) (က) ပါတီဝင်တဦးအား အပြစ်ဒဏ်ကျခံစေခြင်း၊ ပါတီဝင်ရပိုင်ခွင့်များရုပ်သိမ်းခြင်းဖြင့် အရေးယူထားရစဉ်ကာလအတွင်း ၎င်းအား ကြပ်မတ်ပညာပေးရမည်။
(ခ) ပါတီဝင်ရပိုင်ခွင့်များရုပ်သိမ်း၍ ကြပ်မတ်ပညာပေးနေစဉ်အတွင်း ၎င်းပုဂ္ဂိုလ်၏အခြေအနေကို သုံးသပ်၍ ရပိုင်ခွင့်များကို ပြန်လည်ပေးအပ်ရန်သင့်တော်ပါက ပြန်လည်ပေးအပ်ပြီး ထုတ်ပယ်ရန်လိုအပ်ပါက ထုတ်ပယ်ပြစ်နိုင်သည်။
(ဂ) ကြပ်မတ်ပညာပေးရေးကာလ လွန်မြောက်၍ ပါတီဝင်ရပိုင်ခွင့်များပြန်လည်ရရှိပါက ၎င်းပါတီဝင် သက်တမ်းရေတွက် ရာတွင် ကြပ်မတ်ပညာပေးရေးကာလကိုလည်း ထည့်သွင်းရေတွက်ရမည်။

ပုဒ်မ (၅၃) ပါတီဝင်တဦးအားအရေးယူရာတွင် ပြဿနာနှင့်အခြေအနေကိုလိုက်၍ အခန်း(၅)၊ ပုဒ်မ(၁၈)ပါ ပါတီအဖွဲ့အစည်း အဆင့်ဆင့် အလိုက်သော်လည်းကောင်း၊ ယင်းပုဒ်မရှိ ပုဒ်ခွဲများအရ တိုက်ရိုက်အားဖြင့်သော်လည်းကောင်း အရေးယူနိုင်သည်။

ပုဒ်မ (၅၄) အခန်း(၉)၊ ပုဒ်မ(၅၀)ပါ ပုဒ်ခွဲများတွင် ပုဒ်ခွဲ(၇)မှလွဲ၍ အရေးယူခြင်းအားအဆင့်ဆင့်သောပါတီအဖွဲ့အစည်းအားလုံးမှ ဆောင်ရွက်နိုင်သည်။ ပုဒ်ခွဲ(၇)အား ဆောင်ရွက်ရာတွင် ပါတီဗဟို အလုပ်အမှုဆောင်ကော်မတီမှသာ လုပ်ဆောင်ရမည်။

ပုဒ်မ (၅၅) (က) လိုအပ်ပါက ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် အဖွဲ့ဝင်(၃)ဦး ပါသော ခုံအဖွဲ့ကို ဖွဲ့စည်းနိုင်သည်။
(ခ) ခုံအဖွဲ့၏ဆုံးဖြတ်ချက်ကို ဗဟိုအလုပ်အမှုဆောင်ကော်မတီအစည်းအဝေးတွင် အစီရင်ခံတင်ပြရမည်။

ပုဒ်မ (၅၆) အရေးယူအပြစ်ပေးခြင်းခံရသူသည် ပါတီဗဟိုကော်မတီသို့(၆)လအတွင်း အယူခံတင်သွင်းနိုင်ခွင့်ရှိသည်။ ပါတီဗဟိုကော်မတီမှ အယူခံလွှာကို ပယ်ချပါက ညီလာခံသို့ ဆက်လက်တင်သွင်းပိုင်ခွင့်ရှိသည်။

## အခန်း(၁၀)

## ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေ ပြင်ဆင်ခြင်း

ပုဒ်မ (၅၇) ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေ ပြင်ဆင်ခြင်း

ပါတီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းဥပဒေကို ပြင်ဆင်၊ ဖြည့်စွက်၊ ပြောင်းလဲ၊ အသစ်အစားထိုးရန် လိုအပ်ပါက နိုင်ငံလုံးဆိုင်ရာ ပါတီညီလာခံတွင် တက်ရောက်သော ညီလာခံကိုယ်စားလှယ်(၇၅%)၏ သဘောတူညီချက်ဖြင့် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပြောင်းလဲခြင်း၊ အသစ်အစားထိုးခြင်းတို့ကို ပြုလုပ်ခြင်းမှအပ အခြားနည်းဖြင့် ပြုလုပ်ခြင်းမပြုရ။

## အခန်း(၁၁)

### အထွေထွေ

ပုဒ်မ (၅၈) ဗဟိုကော်မတီသည် လူထုလူတန်းစားအလွှာအသီးသီးအလိုက်၊ အသက်မွေးဝမ်းကြောင်းမှု လုပ်ငန်းများအလိုက်၊ စည်းရုံးစုဖွဲ့နိုင်ရေးအတွက် လိုအပ်ပါက သက်ဆိုင်ရာရေးရာကော်မတီများကို ဖွဲ့စည်းရမည်။

ပုဒ်မ (၅၉) ပါတီ၏ မှတ်တမ်းမှတ်ရာများ၊ အချက်အလက်များကို မူရင်းအဖြစ် အတည်ပြုရမည့် ဘာသာမှာ 'မြန်မာဘာသာ' ဖြစ်သည်။

(၂၀၀၂ ခုနှစ် ဒုတိယအကြိမ် ပါတီညီလာခံမှ ပြင်ဆင်အတည်ပြုသည်)